**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေ သတင်းထုတ်ပြန်ချက်အမှတ်စဉ်( ၄ /၂၀၂၁)**

၁။ ၂၀၂၀ ပြည့်နှစ်အတွင်း လူ့အခွင့်အရေး ဖောက်ဖျက်ခံရကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ပေးပို့လာခဲ့သော လက်ကျန် တိုင်တန်းချက်ပေါင်း (၄၅) စောင်နှင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း ပေးပို့လာသော တိုင်တန်းချက် (၁၂၆) စောင်၊ စုစုပေါင်း (၁၇၁) စောင်ကို စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၉) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ပေးပို့စိစစ်ခြင်း | - | ၂၇ | စောင် |
| (ခ) | တိုင်တန်းသူများထံ အကြောင်းကြားခြင်း | - | ၂၅ | စောင် |
| (ဂ) | မှတ်တမ်းထားရှိခြင်း | - | ၉၁ | စောင် |
| (ဃ) | လက်ကျန် | - | ၂၈ | စောင် |
| | စုစုပေါင်း | - | ၁၇၁ | စောင် |

၂။ တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ပြန်ကြားချက် (၅၉) စောင်ကို လက်ခံရရှိခဲ့ပြီး အောက်ပါအတိုင်း တိုင်တန်းသူ ကာယကံရှင်များထံ ကော်မရှင်မှ ပေးပို့ပြန်ကြားပြီး ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | ၂၀၁၈ ခုနှစ်အတွင်း တိုင်တန်းချက်များအပေါ် ပြန်ကြားချက် | - | ၁ | စောင် |
| (ခ) | ၂၀၁၉ ခုနှစ်အတွင်း တိုင်တန်းချက်များအပေါ် ပြန်ကြားချက် | - | ၃ | စောင် |
| (ဂ) | ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်တန်းချက်များအပေါ် ပြန်ကြားချက် | - | ၅၅ | စောင် |

၃။ မှတ်တမ်းထားရှိခဲ့သည့် တိုင်တန်းချက် (၉၁) စောင်သည် ကော်မရှင် ဥပဒေ ပုဒ်မ ၃၇ အရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ စစ်ဆေးဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများ၊ တိုင်တန်းချက် အင်္ဂါရပ်နှင့် မညီညွတ်သော အမှုများနှင့် ကော်မရှင် လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ပြီးသော တိုင်တန်းချက်များ ဖြစ်သဖြင့် ဆက်လက် အရေးယူ ဆောင်ရွက်ရန် မလိုအပ်သောကြောင့် မှတ်တမ်းအနေဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိပါသည်။

၄။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရကြောင်း တိုင်တန်းခြင်း သို့မဟုတ် စွပ်စွဲခြင်း ပြုလိုပါက စာဖြင့် ရေးသားဖော်ပြထားသော တိုင်တန်းချက် တစ်ရပ်ကို လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်စာ၊ ပြည်တွင်း၊ ပြည်ပ၊ အမြန်ချောပို့စနစ်ဖြစ်စေ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ အမှတ်(၂၇)၊

ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့ တိုင်ကြားနိုင်ပါသည်။ ဖက်စ်ဖြင့် တိုင်ကြားစာ ပေးပို့လိုပါက ဖက်စ်ဖုန်း ၀၁-၆၅၄၆၇၈ သို့လည်းကောင်း၊ အီးမေးလ်ဖြင့် တိုင်ကြားစာ ပေးပို့လိုပါက info@mnhrc.org.mm နှင့် protection@mnhrc.org.mm အီးမေးလ်လိပ်စာများသို့ လည်းကောင်း ပေးပို့ တိုင်ကြားနိုင်ပါသည်။

၅။ တိုင်တန်းချက်တွင် တိုင်တန်းသူ၏ အမည်၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်နှင့်အတူ မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရကြောင်း ဖြစ်စဉ်ကို ရှင်းလင်း ပြည့်စုံစွာ ရေးသားဖော်ပြ၍ တိုင်တန်းသူကိုယ်တိုင် လက်မှတ်ရေးထိုးကာ ပေးပို့ရမည် ဖြစ်ပြီး လိုအပ်ပါက တိုင်ကြားစာပါ ဖြစ်စဉ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားများ မိတ္တူများ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည့် အထောက်အထားများကို ပူးတွဲ၍ ပြည့်စုံစွာ ပေးပို့ရမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်